
လွမ်းဖွဲ့တေးသီ
ချစ်သည်းဆီ
(မတိမ်ပြာ)
Cover by
XiaoAeriMonn

# အခန်း ( ၁)

ရွာတွင် ဟိုးလေးတကျော်ကျော်ဖြစ်နေသော သတင်းမှာ သုံးလေးပတ်ခန့် ကြာသည့်အထိပင် တောမီးလို လောင်ကျွမ်းကောင်းတုန်းပင် ။

ကြားလို့မှ ကောင်းကြသေးရဲ့လား ။ ကိုဘမောင်နှင့် ကိုရှိန်းနောင်တို့ ကွာရှင်းလိုက်သည်တဲ့ ။

သိကြားမင်း အဝတ်မပါပဲ လူ့ပြည်ဆင်းတယ် ဆိုရင်တောင် အရပ်ကတို့ မှာ ယုံလိုက်အုံးမည်ဖြစ်သည် ။

" မင်းမောင်တို့ပါလား ။ လာလေ "

မြနှင်းမှာ ကိုယ်လေးလက်ဝန်ကြီးနှင့် ဖြစ်ချေသည် ။ ဟိုအရင်တခါ အဖြစ်အပျက်ပြီးကတည်းက မင်းမောင်၏ခြေထောက်တစ်ဖက်မှာ အကောင်းတိုင်းမရှိတော့ပဲ အထောက်အကူသုံးနေရပြီဖြစ်သည်။

" ကိုကြီးဘမောင် အဆင်ပြေရဲ့လား"

မြနှင်းမှာ ခုံတန်းတွင်ထိုင်လို့ ခပ်နွမ်းနွမ်းဖြစ်နေသော ဘမောင်အားကြည့်လို့မေး၏။

" အသည်းတစ်ခြမ်း ပျားတုတ်ထားသလိုပါပဲ မြနှင်းရယ် ။ ငါ့မယ်အဆင်မပြေပါဘူး "

" ဒါဖြင့်လဲ ပြန်ပေါင်းပေ့ါ "

မြနှင်း၏စကားကြားတာနှင့် ဘမောင်နှာခေါင်းရှုံ့လို့ ခပ်ဆက်ဆက်လေးဖြစ်သွားချေသည် ။

" ရည်းစားဟောင်းကို ငါမရှိတဲ့အချိန် အိမ်မှာလက်ခံတာ ကောင်းသလား ။ ပြော မပြောချင်ဘူး ပြောရင်ဖြင့် ဘမောင်တို့ လွန်တယ် လာအုံးမယ် ။ ပြီးတော့ ငါ့ကိုအော်တယ်လေ ... "

တကယ်ဆို သူ့ရှေ့က လင်မယားထက် ဘမောင်တို့မောင်နှံမှာ အသက် ရော အိမ်ထောင်သက်ပါ ပိုကြီးကြ၏။ သို့သော်လည်း ဖြစ်လေသောပြသနာ မှာ ငယ်ရွယ်သူတို့ထက်ပင် အထိမခံဆန်နေသောအခါ မင်းမောင်ခမြာ လည်း ရယ်ရခက် ငိုရခက်နှင့်သာ။

"ကိုကြီးဘမောင်သဘောပါ ။ မြနှင်းတို့က အပြင်လူပဲဥစ္စာ ။ နှစ် ယောက်သား ကွဲပြဲကြရင်း ဘယ်သူ့ကြည့်ကြည့်တငေးငေး တမှိုင်နဲ့ဆို တော့ ဘယ်သူကစိတ်ချမ်းသာမှာလဲဆို "

" သူလဲ မှိုင်နေတယ်ပေါ့ ဟုတ်လား... "

မြနှင်းမှာ ခပ်မြန်မြန်လေး ခေါင်းငြိမ့်ပြလိုက်၏။ ထို့နောက် သုံး ယောက်သားဆိုင်ရာ ဆိုင်ရာတွေနှင့်စကားကျရင်း အချိန်အတော်ကြာလိုက် သည် ။

" ပြန်ကြတော့လေ ။ မိုးချုပ်နေမယ် မြနှင်းကဖြင့် သွေးနုသားနုရယ်နဲ့ "

လူငယ်နှစ်ယောက် ပြန်သွားသည်နှင့် ဘမောင်မှာ ပြန်ငိုင်ကျသွား၏။ ရင် ထဲတွ ဟာတာတာနှင့် ပွေ့ဖက်ရမည့်သူမရှိတဲ့အခါ တစ်ကမ္ဘာလုံး ချာချာ လည်နေသည့်နှယ် ။

ဆေးလိပ်ဖက်ကြမ်းအား မီးညှိလို့ နှုတ်ခမ်းကြားတေ့ရင်း ရွာထဲလမ်းသို့ ခပ်တွေတွေငေးရင်း ဆေးလိပ်တွေတစ်လိပ်ပြီး တစ်လိပ်သောက်နေမိ တော့သည် ။

***

" ကိုဘမောင် ခြင်းခတ်ကြမယ်လေ"

လူငယ်တသိုက်မှာ ဝိုင်းလို့ ခပ်သွက်သွက်လေး လူစုအုံလိုက်၏။ လူငယ်တွေဖြစ်ကြကာ ထိုအုပ်စုထဲတွင် ဘမောင်မှာအရပ်အရှည်ဆုံးနှင့် ကြည့်ကောင်းဆုံးလည်းဖြစ်ချေသည်။

အပေါ်ပိုင်းရင်အုံကျယ်တွေနှင့် လက်မောင်းရိုကြွက်သားထင်းထင်းတွေမှာ တောင့်တင်းဟန် ။

ပုဆိုးအား ခါးထောင်းကျိုက်ထားတဲ့အခါ ကျစ်လျစ်တောင့်တင်းသော ခြေသလုံးနှင့် ပေါင်တံတို့မှာ ပြည့်ပြည့်ဖြိုးဖြိုးဖြင့် ပြေပြစ် သောခန္ဓာကိုယ်ပင်ဖြစ်သည် ။

ကစားချိန်ကြာလာတာနှင့်အမျှ ချွေးစက်တို့မှာ တပြိုက်ပြိုက်ကျရင်းသူ၏ပျားရည်ကြဲရောင် အသားအရည်မှာ တလက်လက်တောက်ပနေ၏။

ပျိုမဒီတို့မှာ မရဲတရဲခိုးကြည့်ရင်း ရှက်သွေးဖြာလို့ တီးတိုးရယ်မောနေကြသည်။

ရှိန်းနောင် အိမ်၏ပြတင်းပေါက်မှ ရေမှုခြေကွက်လပ်တွင်းက ခြင်းပွဲမှလူအားကြည့်လို့ ဟွန့် ခနဲအသံပြု၏။

" ပြတင်းပေါက်မှာလဲ ဖုန်တွေချည်းပဲ"

ထို့နောက် ရှိန်းနောင်ပြတင်းမှ ဘောင်တွေအားပွန်းပဲ့သည်အထိ ဖုန်သုတ်နေလေတော့သည် ။

" လောင်းကြေးကဘာလဲ ။ ပျော်စရာကောင်းအောင် လောင်းကြေးတော့ပါသင့်တယ်မလား "

လူငယ်တွေမှာ ထောက်ခံဟန်ဖြင့်အသံပြုကြတဲ့အခါ ဘမောင် ခြင်းလုံး

အား ခြေဖြင့် တစ်ယောက်တည်း ခတ်နေရင်း အသံညြညြဖြင့်ဆို၏။

" ပိုက်ဆံနဲ့အရက်မပါရဘူး ။ အဲ့တာပါမှ ပျော်ဖို့ကောင်းတယ်ဆို ဝိုင်းကိုအခုဖြုတ်လိုက် "

လူငယ်တွေမှာ ခပ်တည်တည်ဖြင့်ဆိုသော ဘမောင်၏စကားကြောင့် အနည်းတွန့်သွားကြ ကာ ဦးတည်ချက်ပြောင်းသွားကြလေသည် ။

" ခြင်းလုံးကျ အောင်ကန်တဲ့လူက ဒီထဲက လူတွေခိုင်းတာလုပ်ကြေး "

ဤအဆိုတင်သွင်းမှုအား ဘမောင်ခွင့်ပြုတာနှင့် ခြင်းခတ်ခြင်းကို ပြန်လည်စတင်ကြလေသည် ။

ခြင်းဝိုင်းမှာအနည်းငယ်ကောင်းလာတာနှင့်အမျှ ကြည့်ရှုသူတွေမှာလည်း ဝိုင်းဝိုင်းလည်လာ၏။

ဘမောင်ခြင်းခတ်နေရင်း ပြတင်းပေါက်ထံ လှမ်းကြည့်လိုက်တဲ့အခါ သေးသွယ်ပါးလျသော အရိပ်လေးအားမြင်လိုက်သည်နှင့် နှလုံးသားတစ်ခုလုံး ဝါဂွမ်းလေးဖြင့် ပွတ်သပ်ခံလိုက်ရသည့်နှယ် ။

" ဟေး ... ကိုကြီးဘမောင် ခြင်းလုံးကျသွားပြီ "

ဘမောင်အငေးလွန်ကာ ခြင်းလုံးအားမမြင်လိုက်မိ ။ ဘမောင်မှာ အပြစ်ဒဏ်အားလက်ခံသော်လည်း ဘယ်သူကအခြားလူတွေလို သူ့အား ပေါက်ကရအပြစ်တွေ ပေးရဲမည်နည်း ။

အုပ်စုလိုက်ခေါင်းချင်းဆိုလို့ တီးတိုးပြောနေရင်း ခဏအကြာ လူငယ်တွေမှာ ပြုံးစိစိဖြင့် လူစုခွဲလိုက်ကြ၏။

" ကဲ ဒီကလူကြီးမင်း အပြစ်ဒဏ်ကတော့ .... "

လူငယ်မှာ ခဏရပ်တန့်လိုက်ကာ

" အဟမ်း .... ဇနီးဟောင်းလေးကို မွမွပေးရမှာဖြစ်ပါတယ် ခင်ဗျာ "

ဘမောင်၏ နှုတ်ခမ်းတစ်ခြမ်းမှာ ကော့ညွတ်သွားခဲ့သည် ။ ခြင်းလုံးအား ထိုလူငယ်ဆီပစ်ပေးရင်း နောက်ပြန်လို့ ပြတင်းပေါက်လေးဆီ ထပ်မံလှမ်းကြည့်လိုက်မိသည်။

" ညကျ တစ်ဝိုင်းပြင်ထားကြ။ မင်းတို့ကိုကြီး ဒကာခံမယ် ... "

လူငယ်တွေမှာပျော်ရွှင်စွာ ကခုန်နေကြရင်း ခြံဝန်းအတွင်း ကျော်ဝင်သွားသော ဘမောင်အား အားပေးသံတောင် ပြုလိုက်ကြသေးသည် ။

" ကိုကြီး ဘမောင် "

" အောင်ပါစေ "

" ကိုကြီး ဘမောင် "

" အောင်ပါစေ "

ရှိန်းနောင်အသံတွေအား နားထောင်နေရင်း စူပုတ်နေ၏။ သူများအိမ်ရှေ့လာပြီး ပွဲခင်းလိုလုပ်နေတာ ရွာလူကြီးသွားတိုင်အုံးမည် ။

" အိုး ပလုတ်တုတ်တုတ် .. "

ရုတ်တရက် ပြတင်းပေါက်မှခုန်ဝင်လာသောလူကြောင့် ရှိန်းနောင် လန့်ဖျန့်လို့ ရင်ဘက်ပင်ဖိလိုက်မိသည် ။

" ဘာလာလုပ်တာလဲ ထွက်သွား! "

" ကလေးတွေက အပြစ်ပေးလို့ "

ရှိန်းနောင် ဘာအပြစ်လည်းတော့မသိပေမဲ့ သေချာပေါက်ကို နယ်နယ်ရရတော့မဟုတ်မှန်း ခန့်မှန်းမိသည် ။

" ကလေးကလား ကစားနေပြီး လာရှုပ်နေတယ် ။ သွား  အခုထွက် ... "

ရှိန်းနောင်  စကားပင်မဆုံးလိုက်  ပါးတစ်ဖက်မှာ  နွေးခနဲဖြစ်သွားရချေသည် ။  ရင်ထဲ ဒိန်းခနဲဟူသောအသံမှာ မြည်ဟည်းလို့  လက်ထဲက ငှက်မွေးတုတ်တံပင် ကြမ်းပြင်ပေါ်ဆင်းသက်သွားခဲ့သည် ။

သိပ်မကြာလိုက်ချေ  ....။

ရွာမှ ကာလသားခေါင်းဆောင်ကိုကြီးဘမောင် လေးခွနှင့် လိုက်ပစ်တာ ခံလိုက်ရလေသည် ။

***

# အခန်း ( ၂ )

အလှူပွဲတစ်ခု၌ နှစ်ယောက်သားဆုံကြတဲ့အခါ ရှိန်းနောင်ဘက်မှ မျက်နှာစတင်လွှဲသွား၏။ ထိုအမူယာလေးတစ်ခုနဲ့တင် ဘမောင်၏ နှလုံးသားမှာ အပ်ပေါင်းတစ်ထောင်ဖြင့် ထိုးစိုက်ခံနေရသည့်နှယ် ။

" ကိုဘမောင် လာပါ ထိုင်ပါအုံးဗျ "

လူကြီးတစ်ယောက်မှ ဖိတ်ခေါ်တဲ့အခါ ဘမောင်ငြင်းဆန်ရန် မဖြစ်နိုင်တော့ပဲ ရှိန်းနောင်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်တော့သည် ။

ခေါ်ပြီးကာမှ နှစ်ယောက်သားအခြေနေကို သတိရပြီး လူကြီးတွေမှာ အင်တင်တင်ဖြစ်ကုန်ကြလေသည် ။

" အို ... ကိုမြတ်စိုးတို့ အလုပ်အကိုင်အဆင်ပြေရဲ့လား ။ ဒီနှစ်က ပဲကလဲအထွက်ကောင်းတော့ ပွကြောပဲပေါ့ "

" ဟုတ်ပ့ါ အိမ်ကဇနီးဆီ ပိုက်ဆံအပ်ရတာ သိပ်မျက်နှာလှ ဗျာ ... "

လူကြီးတွေမှာ ရယ်ပွဲကျနေသော်လည်း ဘမောင်၏အကြည့်တွေကတော့ လည်ကတုံးအပြာနုနှင့် ခပ်တည်တည်မျက်နှာပေးလေးဆီသာ စိုက်ကပ်နေလေသည် ။

ရှိန်းနောင်မှာ ဟိုအရင်လို သူ၏အသားအရည်လေးမှာဖြူဖွေးနေဆဲ ။ မျက်နှာရှိမွှေးညှင်းနုနုလေးတွေမှာ နေရောင်အောက်မှာဆို ပို၍ထင်သာမြင်သာရှိလေသည် ။

" ကျုပ်ပြန်လိုက်အုံးမယ်။ ကြိုးတံတား ဆွေးနေတာလေး လဲပေးရမှာ ဆိုတော့ "

လူကြီးတွေအား နှုတ်ဆက်စကားဆိုလို့ ထွက်သွားသော ကျောပြင်ကျယ်အားကြည့်လို့ ရှိန်းနောင် ရေနွေးခွက်အား ခပ်တင်းတင်းလေးသာ ကိုင်ထားလိုက်မိသည် ။

......

" ဟို ... အစ်ကိုကြီး ။ ကိုကြီးဘမောင်လေ ဖျားလို့ရယ် ကြိုးတံတားလုပ်နေရင်း ရေတက်လာတာကို မရပ်ပဲ ဆက်လုပ်နေတာ ကိုယ်လဲတော်တော်ပူတယ်ပြောတယ် ဆေးမသောက်ဘူးချည်းလုပ်နေတာ ... "

မြနှင်းမှာ ပြောနေရင်းပင် မျက်ဝန်းတို့နီရဲလာ၏။ မင်းမောင်မှာချော့မော့ရင်း ပခုံးအားအသာလေး ပုတ်ပေးနေလေသည်။

" သွားကြည့်လိုက်ပါအုံးဗျာ ။ ဒီလိုမျိုး လုပ်နေတာ ပင်ပန်းနေကြရဲ့သားနဲ့"

" သူကဖြင့် ငါ့တောင် မခေါ်နိုင်မပြောနိုင် ဖြစ်နေတဲ့ဥစ္စာ ။ ငါက သွားတွေ့လို့ နှင်လွှတ်ရင် ဘယ့်နှယ့်လုပ်မလဲ " .

မင်းမောင် သက်ပြင်းသာချလိုက်မိသည်။ ခေါင်းခါလို့ နားချရင်း နောက်ဆုံးမှာတော့ အစွယ်တရားကောင်းကောင်း ဟောနိုင်ခဲ့ပြီဖြစ်သည်။

.....

ရှိန်းနောင် အိမ်ထဲဝင်လိုက်သည်နှင့် မည်သည့်အရာမှ ပြောင်းလဲနေခြင်း မရှိ။ အိမ်မှာအရင်လိုသာ ရှိနေဆဲ ။

အိမ်၏နေရာတိုင်းမှ ဆေးလိပ်တိုတွေအား မြင်သည်နှင့် ဒေါသတွေမှာ တလိပ်လိပ်တက်လာရပြန်သည် ။

ဒီလူဆိုးဟာ ပျက်စီးချင်တိုင်း ပျက်စီးနေသည်လေ ။

" ချစ်သည်းလား ... "

" ဆေးမသောက်ပဲ နေရအောင် ခင်ဗျားကိုယ်ခင်ဗျား ကျောက်တုံးကြီးများ မှတ်နေရော့သလား ကိုဘမောင် "

ဘမောင်စောင်ပုံထဲ ခပ်ကွေးကွေးနေရာမှထ ထိုင်ရင်း နံရံအားကျောမှီလို့ ရှိန်းနောင်ရှိရာဝေဝေ ဝါးဝါး စိုက်ကြည့်နေလေသည် ။

" လွမ်းတယ် လို့ ... "

အသံမှာ အနည်းငယ်အက်ရှကာ ပလုံးပထွေးနဲ့မို့ ရှိန်းနောင်သေချာမကြားလိုက်သော်လည်း ထပ်မံမေးခွန်းထုတ်ခြင်း မပြု ချေ ။

မီးဖိုချောင်ထဲဝင်ကာ ရေနွေးတစ်အိုးတည်လို့ ဆေးထုတ်ကိုဖောက်ထားကာ ထန်းလျက်အား ကွမ်းညှပ်ဖြင့် အစိပ်သေးသေးလေးတွေ စိပ်ထားပေး၏။

ရေနွေးအိုးမှာ အနည်းငယ်နွေးလာတာနဲ့ ရေနွေးခွက်ထဲထည့်ကာ ဆေးမှုန့်အား လက်ဖဝါးတွင်းထည့်လို့ ဘမောင်ရှေ့ထိုင်ချလိုက်သည် ။

ရှိန်းနောင်၏ အပြုမူတိုင်းကို လွတ်မသွားရလေအောင် မျက်တောင်တစ်ချက်မခတ်ပဲ လိုက်ကြည့်နေသောကြောင့် ဘမောင်၏ မျက်ခမ်းစပ်လေး ရဲတက်လာချေသည် ။

" ပါးစပ် ဟလိုက်အုံး ။ ဆေးမှုန့်ကခါးတယ် .... "

ပါးစပ်အားဟ လာလာပေးတာနှင့် ရှိန်းနောင် သူ၏လက်ဖဝါးနှင့်ပင်ခံတွင်းထဲဝင်အောင် ဂရုတစိုက်ထည့်ပေးရင်း ရေနွေးခွက်အား နှုတ်ခမ်းနား

တော့ပေးကာ ပြီးတာနှင့် ထန်းလျက်စိပ်လေးအား ခွံပေးလိုက်ချေသည် ။

ဖြစ်စဥ်တစ်ခုလုံးမှာ ငါးမိနစ်ပင်မကြာလိုက် ။ တစ်ရပ်ကွက်လုံး ဆေးတိုက်စဥ် တူးတူးခါးခါးငြင်းဆန်နေသော ဘမောင်မှာ ရှိန်းနောင်၏ လုပ်ဆောင်မှုအောက်တွင် နာနာခံခံနှင့် အထွန့်တစ်ချက်လေးပင် မတက်ခဲ့ချေ ။

" ခေါင်းကိုက်နေသေးလား... "

" အင်း ...နားထင်တွေကအောင့်တယ် "

ဘမောင်အသံမှာ အနည်းငယ်သိမ်ငယ်နေသယောင်ပင် ။ ခပ်တိုးတိုးလေးနှင့် အပြစ်ပြုထားသော ကလေးငယ်နှင့်တူ၏။

ရှိန်းနောင် မြေအိုးအသေးလေးထဲ မီးစလေးတွေထည့်ကာ နံနွင်းမှုန့်လေးဖြူးလိုက်တဲ့အခါ ခပ်သင်းသင်း နံနွင်းနံ့မှာခေါင်းကြည်စေ၏။

ဘမောင်၏ ခေါင်းရင်းဘက်တွင် ထားပေးလိုက်တဲ့အခါလေသင့်တာမို့ နံနွင်းမီးရှို့ထားသော အနံ့လေးမှာ အခန်းအတွင်း လွှမ်းခြုံနေလေသည် ။

" ပြီးပြီဆိုပြန်တော့မယ် ။ ညနေမှ ဆန်ပြုတ်လာပို့လှည့်မယ် ... "

ရှိန်းနောင် မတ်တပ်ထရပ်တဲ့အခါ ဘမောင်ကလည်းလိုက်ရပ်၏။ အနွေးထည်အထပ်ထပ်နှင့် မျက်နှာခပ်ငယ်ငယ်မှာ လူကောင်နှင့်ပင် မလိုက်ဖက်ချေ ။

" ဘာလဲ ။ ဘယ်သွားအုံးမို့လဲ လေစိမ်းတွေမိပြီး ကိုယ်တွေပိုပူမယ် "

" နေမကောင်းတာက ကူးတက်လားဟင် "

ခပ်ရှရှအသံဖြင့် မေးလာတဲ့အခါ ရှိန်းနောင်ရင်ထဲသိပ်မကောင်း ။ ကူးတယ်ဖြေလိုက်ရင် လာလမ်းပိတ်မည်လည်း သူ့မှာစိုးတထိတ်ထိတ်ပင် ။

" မကူးတက်ပါဘူး "

မျက်လုံးတွေအား ရောက်တက်ရာရာလွဲချရင်းသာ ခပ်တည်တည်ညာလိုက်မိသည်။

ထိုအဖြေအားကြားတာနှင့် ဘမောင်ခြေတစ်လှမ်းတိုးလို့ ခပ်သေးသေးကိုယ်အား ရင်ခွင်တွင်းဆွဲပွေ့လိုက်သည်မှာ ဆွေ့ခနဲပင် ။

ဖက်ထားသည်မှာ တင်းတင်းကြပ်ကြပ်။ ခေါင်းငုံ့ရင်း ရှိန်းနောင်၏ ပခုံးထက် မျက်နှာအပ်လို့ မည်သည့်စကားမှ ဆိုမလာခဲ့ချေ ။

ရှိန်းနောင် မိမိပခုံးထက် ဖောက်ဝင်လာသော ခပ်နွေးနွေးဖြင့် စိုစွတ်သောအထိတွေ့ကြောင့် မဖက်ရန်တင်းထားသော စိတ်တွေမှာ ပျော့ပျောင်းကုန်လေသည်။

လက်သီးဆုပ်တွေအားဖြန့်လို့ တဖြေးဖြေးချင်းပင် ကျောပြင်ကျယ်ကြီးထံ အသာယာပွတ်သပ် ပေးမိတော့သည်။

" ဘာလို့ ငိုရပြန်တာတုန်း "

" ချစ်သည်းက မောင့်ကိုပစ်ထားတာကို ။ မောင့်ကိုတွေ့ရင်လဲ မျက်နှာလွှဲသွားတယ် ။ စိတ်ဆိုးတာလဲ ဆိုးတာပေါ့ မောင်မနေတက်မှန်းသိရဲ့သားနဲ့ "

ပခုံးထက်ဝယ် မျက်နှာအပ်ရင်း အဆက်မပြက် ပြောနေသောစကားတွေအား နားထောင်ရင်း ရှိန်းနောင်သူ့ကိုယ်သူသာ အပြစ်တင်မိ၏။

မောင့်ဆီမှရသော မြန်မာဆေးနံ့ သင်းသင်းလေးအား ရှူရှိုက်ရင်း သူ့စိတ်အစုံမှာ အေးချမ်းလာခဲ့သည် ။

" ဖယ်အုံး ။ ဆန်ပြုတ်ပြုတ်အုံးမယ် ဘာမှမစားထားဘူးမလား "

" မောင် ဘာမှမစားချင်ဘူး ။ ဒီလိုလေးပဲ နေအုံးမယ် ချစ်သည်းရယ် "

အချိန်အကြာကြီး ဖက်တွယ်ထားသည်မှာ ဘမောင်၏ကိုယ်အပူရှိန်မှာ ရှိန်းနောင်နှင့် ထပ်တူကျသည်အထိပင် ။

" ခဏပြန်လိုက်အုံးမယ်... အိမ်တံခါးလဲမပိတ်ခဲ့ရဘူး ။ ကလေးတွေဝင်ဆော့နေအုံးမယ် "

" ချစ်သည်းကလဲ ... "

ရှိန်းနောင် ဒီတစ်ခါတော့ ဘမောင်၏အမူရာအောက်တွင် ထပ်မံကျရှုံးမခံပဲ အလျင်အမြန်ပင် ပြန်ပြေးလာခဲ့ရတော့သည် ။

***